ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊**

**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

**ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာများ တင်သွင်းရန်**

**ကြေညာချက် (၇/၂၀၁၅)**

၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ( ၈ )ရက်

(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် အောက်ဖော်ပြပါရတနာနယ်မြေများနှင့် ရတနာနယ်မြေပြင်ပတွင် နိုင်ငံသား ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာတူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်းများလုပ်ကိုင်နိုင်ရန် ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာများကိုလက်ခံ၍ သတ်မှတ် ချက်များနှင့်အညီ ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး ခွင့်ပြုမိန့်ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) မိုင်းရှူးရတနာနယ်မြေ။

(ခ) နန့်ယားဆိပ်ရတနာနယ်မြေ။

(ဂ) ခန္တီးရတနာနယ်မြေ။

(ဃ) မိုးညှင်းဒေသ၊ မော်လူး၊ မော်ဟန်ဒေသ။

၂။ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများသည် အထက်ဖော်ပြပါရတနာနယ်မြေများနှင့် ရတနာနယ်မြေပြင်ပတွင် **တည်ဆဲဥပဒေအရ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသည့်မြေကို** ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်လိုပါက ဖော်ထုတ်လုပ်ကွက် အဖြစ် ခွင့်ပြုမိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၃။ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများသည် ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာများထုတ်ယူခြင်းနှင့် လျှောက်လွှာများပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာထုတ်ယူခြင်း။** ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာ တင်သွင်းလိုသည့် ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများသည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၁၃)ရက်နေ့မှ အောက်တိုဘာလ(၁၉)ရက်နေ့အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)

နေပြည်တော်တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး လျှောက်လွှာများထုတ်ယူနိုင်ပါသည်။ ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်ထားလိုသော ကုမ္ပဏီ၊အသင်းများသည် သက်တမ်းရှိကုမ္ပဏီ/အသင်းများဖြစ်ရပါမည်။

(ခ) **ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာများတင်သွင်းခြင်း။** ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်လွှာပုံစံ(မကလ-၅)တွင် လိုအပ်သည်များကို ပြည့်စုံစွာရေးသွင်းပြီး ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၁၃)ရက်နေ့မှ နိုဝင်ဘာလ(၁၆)ရက်နေ့ထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။ လျှောက်လွှာတင်သွင်းရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်-

(၁) ဖော်ထုတ်လုပ်ကွက်(အသစ်)တစ်ကွက်အတွက် လျှောက်လွှာတစ်စောင် တင်သွင်းရပါမည်။

(၂) လျှောက်လွှာနှင့်အတူ လျှောက်ထားလိုသည့် ဖော်ထုတ်လုပ်ကွက်(အသစ်)၏ တည်နေရာပြမြေပုံကြမ်းကို ပူးတွဲ၍ စာအိတ်တွင်ထည့်ပြီး ချိတ်ပိတ်တင်သွင်းရပါမည်။

(၃) လျှောက်ထားလိုသည့် ဖော်ထုတ်လုပ်ကွက်(အသစ်)၏ တည်နေရာပြမြေပုံကြမ်းတွင် လျှောက်ထားသူက လက်မှတ်ရေးထိုးပေးရပါမည်။

၄။ ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက်(အသစ်)များ လျှောက်လွှာတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT) ၁၀၀၀၀၀၀၀/- (ကျပ်တစ်ဆယ်သိန်း)နှင့် ကွင်းဆင်းစစ်ဆေးစရိတ် ၅၀၀၀၀/- (ကျပ်ငါးသောင်း)ပေးသွင်းရပါမည်။

၅။ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်ထားသည့်နေရာအား အောက်ပါကန့်သတ်ချက်များနှင့် လွတ်ကင်းမှုရှိ/မရှိ စစ်ဆေး၍ လုပ်ကိုင်ခွင့်ချထားပေးသွားပါမည်-

(၁) လယ်မြေ၊
(၂) ဘေးမဲ့တော/ ကာကွယ်တောများ၊
(၃) ကျေးရွာ၊
(၄) သာသနာ့နယ်မြေ၊
(၅) စေတီဘုရား/ သာသနိကကျောင်းများနှင့် အဆောက်အဦများ၊
(၆) မြို့စည်ပင်သာယာ ရေးနယ်နိမိတ်၊
(၇) အများသုံးလမ်းမကြီးများ၊
(၈) ရေဦးရေထွက်နှင့် အများသုံးရေကန်ကြီးများ၊
(၉) သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်သောမြေနေရာများ၊
(၁၀) စီမံကိန်းနယ်မြေ/ဇရိယာများ၊
(၁၁) လုပ်ကိုင်ခွင့်ပြုထားပြီးသော လုပ်ကွက်များနှင့် လွတ်ကင်းမှုရှိ/မရှိ။

၆။ ဖော်ထုတ်လုပ်ကွက်(အသစ်)များအတွက် လုပ်ကိုင်ခွင့်ပြုသက်တမ်းကာလမှာ(၃)နှစ်ဖြစ်ပြီး လုပ်ကွက်တစ်ကွက်အတွက် အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာ(၁၀)သိန်း ဖြစ်ပါသည်။

၇။ လုပ်ကိုင်ခွင့်ရလုပ်ကွက်၏ ပေးသွင်းရမည့်အဆိုပြုငွေအအတွက် ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများကို ခုနှိမ်ပေးသွင်းနိုင်ပါသည်။ လုပ်ကိုင်ခွင့်မရရှိသူများ၏ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများကို ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၈။ ဖော်ထုတ်လုပ်ကွက်(အသစ်)များကို လုပ်ကိုင်ခွင့်ရရှိသည့် ပုဂ္ဂလိက၊ ကုမ္ပဏီ၊အသင်းများအနေဖြင့် **ခွင့်ပြုမိန့်ရရှိသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင်လွှဲပြောင်းခြင်းမပြုရန်** သတ္တုတွင်းဝန်ကြီးဌာနက ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် **ကျောက်မျက်ရတနာထုတ်လုပ်ရာတွင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးစေမှုမရှိစေရေး**အတွက် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ ခုနှစ်၊ မေလ (၁)ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ်၊ ၈၅/၂၀၀၄ အတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

၉။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ) ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ နန့်ယားဆိပ်၊ မိုးညှင်းနှင့် မိုင်းရှူး(လွိုင်ဆောင်ထောက်)တွင် အခြေပြုသည့် ကျောက်မျက်၊ကျောက်စိမ်း စခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ